Reaching the NGO Community Nationwide

# CBI Newsletter

May, 2016 Vol - 16 Issue - 1

CAPACITY BUILDING INITIATIVE

## Our Vision

Competent individuals and organizations are working together and enthusiastically contributing their capacity for the development of Myanmar.

## Our Mission

CBI is a nationally recognized organization providing quality training, facilitation and consultancy services to individuals and organizations working for the development of Myanmar.


**Contact CBI**

Room 009, Ground Floor, Building C1, Sabae Street,
Yuzana Highway Complex, Kamayut Township,
Yangon, Myanmar
Phone : +95 (1) 504451, +95 (9) 450003042
Email : info@cbiinmyanmar.org
cbitraining@cbiinmyanmar.org
admin@cbiinmyanmar.org
Website : www.cbiinmyanmar.org
Facebook : https://www.facebook.com/CBIinMyanmar

**Mawlamyine Sub Centre**

War Vetaran Housing, Zay Gyi, Phetttan Ward,
Mawlamyine Township, Mon State
Phone : +95 (9) 425335567

**Kalay Sub Centre**

Youth Center, No. 116/4, Sanmyo Ward,
Kalay Township, Sagaing Region
Phone : +95 (9) 261969920

**Taunggyi Sub Centre**

No. La 194, 4th Floor, Bayint Naung Street,
Lanmadaw Ward, Taunggyi Township,
Southern Shan State
Phone : +95 (9) 428364195

**Lashio Sub Centre**

NO.126, Myo Wun Street, Ward 10,
Lashio Township, Northern Shan State
Phone : +95 (9) 420708986


**"One objective of our new Government is to promote and enhance the capacity and quality of our citizens"**

**(Excerpt from the Myanmar New Year Greeting by Daw Aung San Su Kyi)**

# About Us...CBI

The concept of CBI was started early 90s when pioneers of INGOs such as Save the Children (UK & US) and World Vision came into Myanmar. These organizations initiated together with UNICEF a program to build and enhance skills and knowledge of Myanmar who worked with them. The program was called "Myanmar Developed Resource Program" and provided trainings and workshops to Myanmar staff between 1998 to 2000. After evaluating that program, it was agreed and decided to continue the program as a project and they selected the name of a project "Capacity Building Initiative" and the project was launched in early 2001. CBI implemented different lengths of projects up to June 2010. Within 10 years of projects implementation, CBI was able to conduct 155 different types and names of trainings with a number of 2101 participants at CBI center in Yangon. At the same time, CBI was also implemented 83 times of different trainings in different parts of the country with a total of 2158 participants. In addition to that CBI facilitated 25 Organization Capacity Assessment Workshops (OCA).

After completion of the project phase, the steering committee and all CBI staff decided to transform CBI into a local NGO and continued provision of building services. Within 2 years from July 2010 to June 2012 CBI was able to conduct 67 times of training in Yangon CBI centre with 1196 participants from INGOs and MNGOs. Upon the demand and request by Myanmar NGOs, INGOs and some UN Agencies, CBI conducted 88 different trainings in the distant areas and ethnic regions with 2015 participants. 25 different Myanmar Organizations requested CBI to facilitate OCA workshops during the period and another 10 organizations developed their strategic plans with the support of CBI.

For 9 years period from 2001 to 2010, International NGOs of Trocaire, Oxfam (GB and HK) mainly supported financial assistant and INGOs in the country also supported in many ways. Within the 2 years period of 2010 to 2012, INGOs such as Trocaire, Welthungerhilfe (WHH), Church World Service (CWS), Norwegian People's Aid (NPA) and US Embassy supported fund to CBI to implement the activities. CBI is grateful to the Steering Committee for its continuous and earnest leadership, INGOs and MNGOs who supported CBI heartily and of course Oxfam International, Trocaire, Welthungerhilfe, CWS, NPA and US Embassy. Currently, CBI is implementing two projects funded by fhi 360 and European Union (EU).

As CBI was born out of the need for the better performance and competency of NGOs, CBI will continue to survive for NGOs.

Welcome New Staff !

Kyaw Myint Lwin joined as Trainer

Zin Mar Kyi joined as Project Coordinator

Zar Ni Aung joined as Project Assistant

Wint Lae Aung joined as Training Admin Team Leader

# Trainings/ Services from CBI




CBI is a reliable source for competent trainings and workshops, professional consultancy services and effective facilitation services.

CBI develops training calendars for in-house training including full schedule and process and disseminates them regularly to NGO Community. Moreover, CBI provides customized trainings to projects and programs staff of UN Agencies, International and National NGOs and CBOs based on their requests and needs.

To enhance the organizational capacity, CBI also provides OD and HRD consultancy services for National NGOs and CBOs.

CBI adopts and adapts the advanced facilitation methods in line with local context. CBI mainly uses suitable selected facilitation methods in all trainings.

# Workshop on ASEAN Community

A workshop on ASEAN COMMUNITY was held at Horizon Lake View Hotel from 9-10 February in Nay Pyi Taw. The workshop was co-organized by the Government of Myanmar and Harms Seidel Foundation. CBI Director was invited and attended the workshop.



# Strengthening a responsive, diverse and democratic civil society in Myanmar





The ECCSO Project, funded by European Union, aims to build a more equitable, democratic and just society in Myanmar by building the capacity of civil society organizations (CSOs) from rural and ethnic areas, and the networks that represent them, to more effectively contribute to the formulation, implementation and monitoring of policy and programming at township, state/regional and national level. It will run for four years, from 1 March 2016 to 29 February 2020.

ECCSO project is implementing by Actionaid Myanmar, Capacity Building Initiative and Phan Tee Eain in 14 states and regions of Myanmar: The target groups of ECCSO project are 83 CSOs from rural and ethnic areas, mainly working for youths and women.

# CSO Standard Workshop under the CSO Partnerships Program




A workshop to set CSO standards for the lower Mekong region was organized for Civil Society Partnership Program funded by USAID and implemented by the Khon Kaen University in Thailand was held on 3-4 March in Bangkok. CBI Director was invited as a working group member.

# Civil Society, Media and Advocacy in a New Political Environment Workshop




A workshop on CSO, Media and Advocacy in a New Political Environment was held at Chatrium Hotel in Yangon on March 7-9, 2016. The workshop was organized by fhi 360 and USAID funded program. CBI Team was invited to the workshop.

# Experience Sharing Workshop on Flood Relief in Kalay




Myanmar NGO Consortium for Preparednesss and Response (MNGOCPR) organized an experience sharing workshop on March 21, 2016 in Kalay. Over 70 participants from various CSO, LDO and MRCS participated the workshop and shared their experience and committed to continue their efforts in responding the emergencies. CBI director and chair of MNGO CPR attended the workshop and shared his experiences and future plan.

# Inception Workshop for Strengthening a Responsive, Diverse and Democratic Civil Society in Myanmar Project




The inception workshop of the EU/AAM project was held at AAM office from 28-30 March 2016. CBI project Team and PTE Team attended the workshop and discuss details of the standard procedures, guidelines and budgetary matters.

# CBI Staff Capacity Development Program



CBI team went on Staff Capacity Development program and the explored and reviewed their current essential policies and guidelines from 4 to 6 April 2016.

# CBI - FNS Partnership Program

CBI and Facilitators Network Singapore (FNS) signed partnership agreement since 2013 to promote and develop the facilitation skill of Myanmar people. FNS is a private company limited registered in Singapore and affiliated with the international institute for Facilitation (INIFAC). It organizes regular learning and development activities for local and regional network of facilitation.
According to the agreement, SPOT on Facilitation in Myanmar Version was published and CBI has been delivering SPOT on Facilitation Workshop by FNS and it will pave the way for the talented and interested Myanmar facilitators becoming internationally certified facilitator. This is a special arrangement by CBI and FNS to build up facilitation professionals who are becoming more and more important and essential for achieving the desired outcomes bye the group, organizations, seminars, workshops, meeting and even in teaching. CBI conducted SPOT Facilitation workshop in Myanmar 7 times in 2014, 2015 and 2016.



SPOT on Facilitation Workshop
- 19-21 February, 2016
- 18 Participants
- CBI Training Room, Yangon

CAPACITY BUILDING INITIATIVE

# Training Calendar July to December 2016

| No | Training Title | Delivery | Invitation | Closing | Confirmation | Location |
|---|---|---|---|---|---|---|
| 1 | Facilitation for Meeting and Workshop | 13-15 July | 30 May | 20 June | 27 June | Yangon |
| 2 | Project Cycle Management | 24-26 August | 4 July | 1 August | 8 August | Yangon |
| 3 | Report Writing | 21-23 September | 1 August | 29 August | 5 September | Yangon |
| 4 | Communication and Advocacy | 19-21 October | 29 August | 26 September | 3 October | Yangon |
| 5 | Monitoring and Evaluation | 16-18 November | 26 September | 24 October | 31 October | Yangon |
| 6 | Community Development Process | 21-23 December | 31 October | 28 November | 5 December | Yangon |

Contact Person : Wint Lae Aung (Training Admin Team Leader) , Myat Thu Htike (Training Admin Officer)
Website : www.cbiinmyanmar.org, Email : cbitraining@cbiinmyanmar.org , cbitraining.training@gmail.com

စွမ်းရည်မြှင့်ဆောင်ရွက်မှုရေးအသင်း

# သတင်းလွှာ

မေလ ၊ ၂၀၁၆ အမှတ် - ၁၆ ၊ အတွဲ - ၁

CAPACITY BUILDING INITIATIVE

## ရည်မှန်းချက်

စီဘီအိုင်သည်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေသည့်မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများကိုအရည်အသွေး ပြည့်ဝသောသင်တန်းများ၊ ကူညီပံ့ပိုးမှုများနှင့် အတိုင်ပင်ခံ ဝင်ဆောင်မှုများပေးနေသည့် နိုင်ငံအသိအမှတ်ပြု အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ရန်။

## မျှော်မှန်းချက်

စွမ်းရည်ပြည့်ဝသည့် မြန်မာနိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အတူတကွ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

### စီဘီအိုင်ကိုဆက်သွယ်ရန်

အခန်း ၉၊ မြေညီထပ်၊ တိုက် C-1၊ စံပယ်လမ်း၊
ယုဇနအဝေးပြေးအိမ်ယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၀၄၄၅၁၊ ၀၉ ၄၅၀၀၀၃၀၄၂
အီးမေးလ် - info@cbiinmyanmar.org
cbitraining@cbiinmyanmar.org
admin@cbiinmyanmar.org
ဝက်ဘ်ဆိုက် - www.cbiinmyanmar.org
ဖေ့စ်ဘွတ် - https://www.facebook.com/CBIinMyanmar

### မော်လမြိုင် ရုံးခွဲလိပ်စာ

စစ်မှုထမ်းဟောင်းအိမ်ရာ၊ ဈေးကြီး၊ ဖက်တန်းနယ်မြေ၊
မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
ဖုန်း - ၀၉ ၄၂၅၃၃၅၅၆၇

### ကလေးရုံးခွဲလိပ်စာ

အမှတ် (၁၁၆/၄)၊ စမ်းမြို့ရပ်ကွက်၊ ကလေးမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း - ၀၉ ၂၆၁၉၆၉၉၂၀

### တောင်ကြီးရုံးခွဲလိပ်စာ

အမှတ် (လ/၁၉၄)၊ ၄ လွှာ၊ ဘုရင့်နောင်လမ်း၊
လမ်းမတော်ရပ်ကွက်၊ တောင်ကြီးမြို့၊
ရှမ်းပြည်နယ်တောင်ပိုင်း။
ဖုန်း - ၀၉ ၄၂၈၃၆၄၁၉၅

### လားရှိုးရုံးခွဲလိပ်စာ

အမှတ် (၁၂၆)၊ မြို့ဝမ်းလမ်း၊ (၁၀) ရပ်ကွက်၊ လားရှိုးမြို့၊
ရှမ်းပြည်နယ်မြောက်ပိုင်း။
ဖုန်း - ၀၉ ၄၂၀၇၀၈၉၈၆

**"ကျွန်မတို့ အစိုးရသစ် ရည်ရွယ်ချက်တစ်ခုဟာ ပြည်သူပြည်သားများရဲ့ စွမ်းအင်တွေ အရည်အချင်းတွေကို မြှင့်တင်ပေးဖို့ပါပဲ"**
(ဒေါ်အောင်ဆန်းစုကြည်၏ ၁၃၇၈ ခုနှစ် မြန်မာနှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်)

# CBI အကြောင်းတစေ့တစောင်း

CBIသည်မြန်မာနိုင်ငံ၏ခေတ်သစ်အန်ဂျီအိုလှုပ်ရှားမှုစတင်ခဲ့သည့် ၁၉၉၀ ပြည့်လွန်နှစ်များမှ အခြေပြုခဲ့သည်ဟုဆိုရပါမည်။ မြန်မာနိုင်ငံသို့ဦးစွာရောက်ရှိလာကြသော အပြည်ပြည်ဆိုင်ရာအန်ဂျီအိုများဖြစ်သည့် Save the Children (UK & US), World Vision နှင့် UNICEF တို့က ၎င်းတို့၏ လုပ်ငန်းအစီအစဉ်များတွင် ဝင်ရောက်အမှုထမ်းနေကြသော မြန်မာဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးအတွက် Myanmar Development Resource Program (MDRP) ဟုခေါ်သည့် အစီအစဉ်တစ်ရပ်ကို စုပေါင်း

အကောင်အထည်ဖော်ခဲ့ပြီး မြန်မာနိုင်ငံသားဝန်ထမ်းများကို ၁၉၉၈ မှ ၂၀၀၀ ကြားတွင် လေ့ကျင့်သင်တန်းများပေးခဲ့ပါသည်။ အဆိုပါ အစီအစဉ်၏ အသုံးဝင်မှုနှင့် အကျိုးရှိမှုတို့ကြောင့်စီမံချက် လုပ်ငန်းအဖြစ် အသွင်ပြောင်းပြီးဆောင်ရွက်ရန် ပါဝင်သူများကဆုံးဖြတ်ပြီး စီမံချက်ရေးဆွဲဆောင်ရွက်ရာတွင် စီမံချက်အမည် ကိုပါ MDRP မှ Capacity Building Initiative (CBI) သို့ ပြောင်းလဲခဲ့ပါသည်။
CBI စီမံချက်ကို ၂၀၀၁ခုနှစ် မှ စတင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဖွန်လထိ (၁၀)နှစ်ကြာဆောင်ရွက်ခဲ့ရာ သင်တန်းပေါင်း (၁၅၅)ကြိမ်ကိုသင်တန်းသား ၂၁၀၂ဦးဖြင့် CBI ရုံးခန်း၌လည်းကောင်း၊ သင်တန်းပေါင်း (၈၃)ကြိမ်ကိုသင်တန်းသား ၂၁၅၈ ဦးဖြင့် အဖွဲ့အစည်းများ၊ လုပ်ငန်းစီမံချက်များတည်ရှိရာ မြန်မာပြည်အနှံ့အပြားတွင်လည်းကောင်း ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။ ထို့ပြင် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်အကဲဖြတ်မှု အလုပ်ရုံဆွေးနွေးပွဲပေါင်း (၂၅)ခုကိုလည်း အဖွဲ့အစည်း (၂၅)ခုအတွက် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။
၂၀၁၀ ဇူလိုင်လမှစတင်၍ CBI ကိုပြည်တွင်းလူမှုရေးအဖွဲ့တစ်ခုအဖြစ်အသွင်ပြောင်းလဲပြီး (၂)နှစ်စီမံကိန်းရေးဆွဲကာ ဆက်လက်ဆောင်ရွက်ခဲ့ရာ (၂)နှစ်အတွင်း သင်တန်းပေါင်း ၆၇ ကြိမ်ကိုနိုင်ငံတကာနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှ သင်တန်းသား ၁၁၉၆ဦး ဖြင့်လည်းကောင်း၊ အဖွဲ့အစည်းများနှင့် စီမံချက်များ၏ တောင်းဆိုချက်အရ ၎င်းတို့ဒေသအရောက် သွားရောက်ပို့ချခဲ့သော သင်တန်းပေါင်း (၈၈)ကြိမ်ဖြစ်ပြီးသင်တန်းသား ၂၀၁၅ဦး ကိုသင်ကြားပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ပြည်တွင်းအဖွဲ့အစည်းပေါင်း (၂၅)ခုကိုလည်း အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် အကဲဖြတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ထိုမျှသာမက အဖွဲ့အစည်း(၁၀)ဖွဲ့ကရင်းတို့အတွက် ရေရှည်စီမံကိန်း(Strategic Plan) ရေးဆွဲပေးရန် တောင်းဆိုချက်အရ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။
အဆိုပါ (၁၀)နှစ်တာကာလအတွင်း ရန်ပုံငွေထောက်ပံ့ခဲ့သော အဓိကအဖွဲ့အစည်းများမှာTrocaire, Oxfam (Great Britain) နှင့် (Hong Kong)တို့ ဖြစ်ခဲ့ပြီးမြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာ အန်ဂျီအိုများကလည်း ပံ့ပိုးမှုများပေး ခဲ့ပါသည်။
CBIသည်ကိုယ်တိုင် ရပ်တည်နိုင်အောင် ကြိုးစားရင်း အခြားအဖွဲ့အစည်းများ၏ အထောက်အပံ့ကိုလည်းရယူခဲ့ပါသည်။ အဓိကပံ့ပိုးကူညီထောက်ပံ့သော အဖွဲ့အစည်းများမှာ အမေရိကန်သံရုံး, Trocaire, Welthungerhilfe (WHH), Church World Services (CWS) နှင့် Norwegian People Aid (NPA) တို့ဖြစ်ကြပါသည်။
ယခုအချိန်တွင် CBI သည် fhi 360 နှင့်သော်လည်းကောင်း EU နှင့်သော်လည်းကောင်းပူးပေါင်းပြီး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တောင့်တင်းခိုင်မာပြီး စနစ်တကျဖြစ်လာစေမည့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်လျက်ရှိပါသည်။ အန်ဂျီအိုလုပ်ငန်းရပ်များမှ ပေါက်ဖွားလာသော CBI သည် အန်ဂျီအိုများအတွက် ဆက်လက်ရှင်သန်ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# CBI ၏ သင်တန်းများနှင့် ဝန်ဆောင်မှုများ



အရည်အသွေးပြည့်ဝသောသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကျွမ်းကျင်သောပညာရှင်များ အတိုင်ပင်ခံလုပ်ငန်းများနှင့် ပံ့ပိုးကူညီမှုများအစရှိသည့်ဝန်ဆောင်မှုလုပ်ငန်းများကို CBIကဆောင်ရွက်ပေးလျက်ရှိပါသည်။
CBI အနေဖြင့် မြန်မာနိုင်ငံသားများကို စွမ်းဆောင်ရည် မြှင့်တင်ပေးနေရာတွင် သင်တန်းအချိန်ဇယားများပုံမှန်ရေး ဆွဲကာ ပို့ချပေးနေသကဲ့သို့ အဖွဲ့အစည်းများမှ မိမိတို့၏ လိုအပ်ချက်အရ သီးသန့်တောင်းဆိုလာသည့် သင်တန်းများနှင့် ဆွေးနွေးပွဲများကိုလည်းပို့ချ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတိုင်ပင်ခြင်း၊ အကြံပေးခြင်းများလည်းဆောင်ရွက်ပေးလျက်ရှိပါသည်။
CBI သည် အဆင့်မြင့်သင်ကြားမှုဆိုင်ရာနည်းလမ်းများနှင့် သင်ထောက်ကူပစ္စည်းများက မြန်မာနိုင်ငံ၏ ဓလေ့ထုံးစံယဉ်ကျေးမှုစသည်တို့နှင့် ကိုက်ညီစွာပြန်လည်ဆန်းသစ် တီထွင်ပို့ချလျက်ရှိနေပါသည်။ သင်တန်းများတွင် သင့်လျော်သည့် ကူညီပံ့ပိုးမှုနည်းလမ်းများကို ရွေးချယ်အသုံးပြုခြင်းသည် CBI၏အရည်အသွေးပြည့်ဝ၍ ထူးခြားသောသင်တန်းပို့ချမှု ပုံစံတစ်ခု ဖြစ်ပါသည်။
CBI သင်တန်းများတွင် အဓိကအားဖြင့် အတွေ့အကြုံပေါ်အခြေခံ၍ လေ့လာသင်ယူခြင်းနည်းကို အသုံးပြုနေသောကြောင့် တက်ရောက်သူသင်တန်းသားများအနေဖြင့် မိမိတို့ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြားသင်တန်းသားများ၏ အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်နိုင်ပြီး

နားလည်သင်ယူတတ်မြောက် စေနိုင်ပါသည်။ ပုံမှန်သုံးသပ်ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် သင်တန်းသားများ၏ ထင်မြင်ချက်များ၊ တုံ့ပြန်ချက်များကို ပုံမှန်တောင်းခံခြင်းအားဖြင့်လည်း CBIသင်တန်းများ၏ ထိရောက်မှုကိုပို၍ ကောင်းမွန်စေရန် ကြိုးပမ်းလျက်ရှိပါသည်။




# မြန်မာနိုင်ငံလူမှုအဖွဲ့အစည်းများဒီမိုကရေစီ ပိုမိုကျယ်ပြန့်စွာ လိုက်နာကျင့်သုံး၊ ဖော်ဆောင်နိုင်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း

ဥရောပသမဂ္ဂ၏ ငွေကြေးထောက်ပံ့မှုအစီအစဉ်ဖြင့် ECCSO စီမံကိန်းအား မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်း(၁၄)ခုတွင်မူဝါဒ အကောင်ထည်ဖော်ခြင်း၊ ဒီမိုကရေစီပိုမိုကျင့်သုံးနိုင်ရန်ကြိုးပမ်းနေသည့် အစိုးရနှင့်လက်တွဲလုပ်ဆောင်နိုင်ရန်အတွက် လူမှုအဖွဲ့အစည်း၊ ကွန်ယက်များအားစွမ်းရည် မြှင့်တင်ပေးခြင်းနှင့် မြန်မာနိုင်ငံတွင် တရားမျှတသော ဒီမိုကရေစီစနစ်ပိုမိုကျင့်သုံးသော လူ့အဖွဲ့အစည်း တည်ဆောက်ရန်ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဖော်ဆောင်ရာတွင် မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့်နှင့် ပြည်သူ့မူဝါဒချမှတ်ခြင်း၊ စနစ်တကျအကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အသုံးဝင်သောနည်းလမ်းများ ပံ့ပိုးပေးခြင်းတို့တွင် CSO များကို ပါဝင်စေခြင်းအားဖြင့် ဖော်ဆောင်မည်ဖြစ်သည်။ စီမံကိန်းကာလမှာ လေးနှစ်ဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ မတ်လ (၁)ရက်နေ့မှ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့အထိဖြစ်သည်။

စီမံကိန်းကို Actionaid Myanmar၊ စွမ်းရည်ရှေ့ဆောင် CBIနှင့် ဖန်တီးအိမ် PTE အဖွဲ့တို့မှ မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ် (၁၄) ခုတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ECCSO စီမံကိန်း၏ဦးတည်အုပ်စုများမှာ ကျေးလက်နှင့် တိုင်းရင်းသားဒေသရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဓိကအားဖြင့် လူငယ်နှင့် အမျိုးသမီးများဦးဆောင်နေသော လူမှုအဖွဲ့အစည်း ၈၃ ဖွဲ့၊ ကွန်ယက် ၁၀ ခု၊ ဒေသန္တရ အာဏာပိုင်အဖွဲ့အစည်း (၆)ခုတို့နှင့် အတူပူးပေါင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

# စီဘီအိုင်မိသားစုဝင်များ စုဝေးတွေ့ဆုံပွဲ

စွမ်းရည်ရှေ့ဆောင် လူမှုရေးအသင်း (စီဘီအိုင်) မိသားစုဝင်များ ပြန်လည်စုဝေးတွေ့ဆုံပွဲကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စကားဝါခန်းမ၊ ဒိုင်းမွန်းကွန်ဒို၊ ကမာရွတ်မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံပွဲသို့ လက်ရှိတာဝန်ထမ်းဆောင်နေသူများ အပါအဝင် ယခင်တာဝန်ထမ်းဆောင်ခဲ့သော မိသားစုဝင်များတက်ရောက်ခဲ့ကြသည်။ တစ်ဦးစီက အမှတ်ရဖွယ်စကားများ ခံစားချက်များကိုပြောကြားခဲ့ကြပြီး အခမ်းအနားအစီအစဉ်များကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပါသည်။






# မြန်မာနိုင်ငံအနှံ့တွင် CBI မှ ကျင်းပပြုလုပ်ခဲ့သော သင်တန်းအချို့



**Communication Training**
- 13-15 Janaury, 2016
- 31 Participants
- Taunggyi

**Participatory Learning and Action Training for WHH**
- 18-21 January, 2016
- 22 Participants
- Htantapin





**Presentation Skill Training**
- 19-21 January, 2016
- 21 Participants
- CBI Training Room, Yangon

**Natural Resource Management Training**
- 25-27 January, 2016
- 17 Participants
- Thanphyuzayat





**Human Resource Management Training**
- 1-2 February, 2016
- 24 Participants
- Yangon

**Financial Management Training**
- 3-5 February, 2016
- 24 Participants
- Yangon






**Proposal Writing Training**
- 16-18 February, 2016
- 22 Participants
- CBI Training Room, Yangon

**Peace Building Training**
- 17-19 February, 2016
- 25 Participants
- Phal Khon





**Strategic Planning Workshop**
- 24-26 February, 2016
- 10 Participants
- Kyaut Mae



**Anticorruption Workshop**
- 3-5 March, 2016
- 25 Participants
- Kalay

**Mentoring Workshop for Hakha Post**
- 8 March, 2016
- 7 Participants
- Hakha





**Reporting Writing Training for JICA Myanmar**
- 8-9 March, 2016
- 6 Participants
- Yangon

**Census Result Dissemination Workshop**
- 14-16 March, 2016
- 68 Participants
- Kawthoung





**Project Cycle Management for Precious Stones**
- 29-31 March, 2016
- 17 Participants
- Yangon

# Team Management Intro (အသင်းအဖွဲ့ စီမံခန့်ခွဲခြင်း)

## အသင်းအဖွဲ့စီမံခန့်ခွဲခြင်းကအရေးကြီးပါသလား ။

ဒီမေးခွန်းက တစ်ကယ်တော့မေးစရာမလိုတဲ့ မေးခွန်းပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အားလုံးက အသင်းအဖွဲ့နဲ့ဘယ်လိုမှ မကင်းနိုင်ကြလို့ပါပဲ။ ကျွန်တော်တို့ ငယ်စဉ်ကာလ ကလေးဘဝ ကျောင်းနေစဉ်ကာလကတည်းက ကျောင်းမှာရှိတဲ့ အသင်းအဖွဲ့တွေမှာ ပါဝင်လှုပ်ရှားခဲ့ကြရသလို အသက်အရွယ် လေးရလာပြန်တော့လည်းအလုပ်ခွင်ထဲမှာ ၊ နေထိုင်ရာဒေသရပ်ကွက် ၊ ကျေးရွာ ၊ မြို့မှာရှိတဲ့ အဖွဲ့အစည်းတွေ (ဥပမာ ။ သာရေးနာရေး ၊ဒေသဖွံ့ဖြိုးရေး ...... စသည်)ပါဝင်လှုပ်ရှား ကြရပါတယ်။

အထူးသဖြင့် ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းတွေ ( UN Organization, INGO, LNGO, MNGO, CBO, CSO) မှာပါဝင်လှုပ်ရှားပြီးတာဝန်ယူကြရတဲ့အခါ အသင်းအဖွဲ့စီမံခန့်ခွဲမှု (Team Management) ဆိုတာပိုပြီး အရေးပါတဲ့ အခန်းကဏ္ဍအဖြစ်ကပါဝင်လာပါတယ်။



ကျွန်တော်ရဲ့ အတွင်းအပြင်ဘဝ တစ်ခုလုံးကို အသက်ရှင်နေဆဲလုပ်ဖော်ကိုင်ဖက်တွေ၊ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လုပ်အားနဲ့ တည်ဆောက်ထားတာလို့ နေတိုင်းအကြိမ်ပေါင်းများစွာ တွေးမိတယ်။ ကျွန်တော်ရခဲ့သလောက် သူတို့ကိုပြန်ပေးနိုင်ဖို့ ကျွန်တော့်ကိုယ်ကျွန် တော်အသုံးပြုပြီး ကြိုးစားနေခဲ့ပါတယ်။

(Albert Einstein)

"တစ်ယောက်သွားတော့ သေလူ၊ နှစ်ယောက်ပေါင်းတော့ ရှင်လူ၊ သုံးယောက်ပေါင်းတော့ လောင်းကျော်" ဆိုတဲ့စကားလေးက အသင်းအဖွဲ့ရဲ့ အရေးပါပုံကို ဖော်ပြတာပါ။ လက်ချောင်းလေးတစ်ချောင်းစီရဲ့ စွမ်းအားထက် လက်ချောင်းငါးချောင်း ပေါင်းထားတဲ့ စွမ်းအားက အဆမတန်ပိုပြီး ကြီးမားတယ်ဆိုတာ ကျွန်တော်တို့အတွက် အသင်းအဖွဲ့စွမ်းအားကိုပိုပြီး ယုံကြည်စိတ်ချနိုင်စေတဲ့ အကောင်းဆုံးသော သက်သေပြမှုတစ်ခုပါပဲ။



အသင်းအဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားတွေကို အားကစားအသင်းတွေမှာ ပိုပြီး မြင်နိုင်ပါတယ်။ အထူးသဖြင့် ဘောလုံးကစားနည်းမှာပိုပြီး သိသာထင်ရှားပါတယ်။ တစ်ယောက်ချင်းစီရဲ့ အရည်အချင်းကဘယ်လောက်ပဲ ထက်မြက် ကောင်းမွန်နေပါစေ။ တစ်ဦးကောင်းတစ်ယောက်ကောင်းကစားနေရင် အဲဒီဘောလုံးအသင်းက အောင်မြင်မှုကိုဘယ်လိုမှမရနိုင်ပါဘူး။ အသင်းထဲမှာ အပေးအယူအချိတ်အဆက်ကောင်းကောင်းနဲ့ကစားမှ အောင်မြင်မှုကို ရရှိနိုင်တဲ့ ကစားနည်းဖြစ်လို့လည်း လူတွေကပိုပြီး စွဲလမ်းနှစ်ခြိုက်ကြတာပါ။

အားကစားသမားကောင်းတွေမရှိဘဲနဲ့ အသင်းအဖွဲ့ကောင်းကိုထူထောင်နိုင်မှာ မဟုတ်ပါဘူး။ ဒါဆိုတော်တဲ့ ကောင်းတဲ့ အသင်းအဖွဲ့ဝင်တွေရအောင် ကျွန်တော်တို့ ဘယ်လိုစီမံခန့်ခွဲကြမလဲ။ အသင်းအဖွဲ့မှာတော်တဲ့ကောင်းတဲ့အဖွဲ့ဝင်တွေရအောင် လုပ်နိုင်တဲ့နည်းလမ်း (၂)မျိုးရှိပါတယ်။

(၁) အဖွဲ့ဝင်တွေကိုလေ့ကျင့်ပျိုးထောင်ပေးခြင်း

(၂) တော်ပြီးကောင်းပြီးသားအဖွဲ့ဝင်တွေကိုရအောင်ရှာပြီးအဖွဲ့ဝင်ဖြစ်အောင်လုပ်ခြင်း

တနည်းအားဖြင့်ရှိပြီးသား အဖွဲ့ဝင်တွေကို ချန်ပီယံဖြစ်အောင်လုပ်ခြင်းနဲ့၊ချန်ပီယံတွေကိုအဖွဲ့ဝင်ဖြစ်အောင်လုပ်ခြင်းပါပဲ။ကျွန်တော်တို့ ဘယ်နည်းလမ်းကိုပဲရွေးရွေး သေချာတာတစ်ခုကတော့ကျွန်တော်တို့ကအသင်းအဖွဲ့ကို ကောင်းကောင်းစီမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။ ဒီနေ့ခေတ်က တစ်ဦးကောင်း တစ်ယောက်ကောင်း သူရဲကောင်းဝါဒကျင့်သုံးတာကို လက်ခံကြတာထက် စုပေါင်းစွမ်းအား (Synergy) ကို ပိုပြီးယုံကြည်သက်ဝင်ကြတဲ့ခေတ် ဖြစ်နေပါပြီ။

အသင်းအဖွဲ့စီမံခန့်ခွဲခြင်းဆိုတာ အနုပညာဆန်တဲ့အလုပ် တစ်ခုပါ။ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခု ဖြစ်လာဖို့အတွက် ဇာတ်ကောင်တစ်ကောင်ချင်းစီရဲ့ ထူးချွန်မှု၊ ဇာတ်ကောင်စရိုက်ကိုသက်ဝင်စွာသရုပ် ဆောင်နိုင်မှု အရေးပါပေမယ့် အဲဒီဇာတ်ကောင်တွေကို သူ့နေရာနဲ့သူ အံဝင်ဂွင်ကျဖြစ်အောင် စီစဉ်ညွှန်ကြားနိုင်တဲ့ဒါရိုက်တာ (Director)ရဲ့ စီမံခန့်ခွဲမှုအခန်းကဏ္ဍက ပိုပြီးအရေးကြီးပါတယ်။

အသင်းအဖွဲ့စီမံခန့်ခွဲသူတစ်ယောက်ရဲ့စီမံခန့်ခွဲမှုအောက်မှာအသင်းအဖွဲ့ရဲ့အောင်မြင်မှု၊ ကျရှုံးမှုဆိုတဲ့ ရလဒ်အဖြေကိုတွေ့နိုင်မှာပါ။

**T**ogether **E**veryone **A**chieves **M**ore